မာတိကာ

၁။ နောက်ခံကား

၁။ မတီးရီးယဲ (လ်) လဇ္ဇင်း (မ်) (Materialism) ၏ အစ ၁

မတီးရီးယဲ(လ်) လဇ္ဇင်း(မ်) (Materialism) နှင့် မာ(ခ်) ဆဇ္ဇင်း(မ်) (Marxism) မည်သို့ ဆက်စပ်သည်။ မတီးရီးယဲ(လ်) လဇ္ဇင်း(မ်) (Materialism) သဘောတရားကို မည်သူက စတင်တည်ထောင်သည်ကို ဖော်ပြသည်။

၂။ ဒီမော့ကရစ်တပ်(စ်) နှင့် ရှေးတော်ပြေးများခေတ် ၁

အရှေးမိုင်းနားအနောက်ဘက် အိုင်အိုနီးယားမြို့ကလေးမှ တိုးတက်လျက်ရှိသော လောကဓာတ်ပညာနှင့် ဖီလော်ဆော်ဖီ (Philosophy) တို့၊ သက္ကရာဇ် ၆၀၀ ဘီစီလောက်က ပေါ်ခဲ့ကြောင်း ဖော်ပြသည်။

၃။ ဟိုင်လိုဇို အဇ္ဇင်း(မ်) (Hylozoism) ၂

အနက်(ခ်)ဇီမင်း(န်)ဒ် (၅၉၀-၅၂၅ ဘီစီ) နှင့် အနက်(ခ်)ဇီမင်း(န်)ဒါး (၆၁၀-၅၄၅ဘီစီ) တို့၏ အယူအဆများကို ဟိုင်လိုဇို အဇ္ဇင်း(မ်) (Hylozoism) ခေါ်ကြောင်း ပြထားသည်။ 'ကမ္ဘာကြီးကို မည်သူကမှမဖန်ဆင်း၊ မူလပစ္စည်းချင်း အလိုလို အမျိုးမျိုး ဖွဲ့စည်း ခြင်းသည် ကမ္ဘာဖြစ်ပေါ်လာကြောင်း'... 'ဖွဲ့စည်းသော မူလပစ္စည်းများတွင် 'အသက်' တွယ်လျက်ရှိကြောင်း ပြထားသည်။

၄။ ပိုက်သဂိုးရီးယန်းနဇ္ဇင်း(မ်) (Pythagoneanism) ၅

ဟိုင်လိုဇို အဇ္ဇင်း(မ်) (Hylozoism) ကို တိုးတက်ချဲ့ထွင်ကာ ပိုက်သဂိုးရပ်(စ်) (၅၇၀-၅၀၁ဘီစီ) က လောကဓာတ်ပညာတွင် 'ပုံစံ'သည် အရေးကြီးကြောင်း' ယူဆချက်အရ တီထွင်သောဝါဒဖြစ်သည်။ လောကီရေးထက် ဘာသာရေးကို ပိုပြီး ဂရုစိုက်သည်ကို တွေ့ရသည်။

၅။ မောနဇ္ဇင်း(မ်) (Monism) ၅

ဇင်နိုးဖိန်း(န်)စ် (၅၇၀-၄၈၀ဘီစီ)က 'တစ်လောကလုံး တစ်ခုတည်းရှိသည်'... ဟု ကြွေးကြော်သံနှင့် ယူဆခဲ့သောဝါဒတစ်ခုဖြစ်သည်။ 'တစ်လောကလုံးတွင် သက်ရှိ သက်မဲ့ ဟူ၍ နှစ်မျိုး နှစ်စားမရှိ၊ အဏုမြူတို့ဖြင့် ဖွဲ့စည်းထားသော မတီးရီးယဲ(လ်) ခေါ် ပစ္စည်းတစ်မျိုးတည်းသာလျှင်ရှိ၍ ၎င်းတို့သည် အီဗော်လူးရှင်းခေါ်ပြုပြင် ပြောင်းလဲမှုတရားအရ တစ်ခုနှင့်တစ်ခု ဖွဲ့စည်းကြပြီးလျှင် အယုတ်ဆုံး မူလပစ္စည်းမှ သက်ရှိပစ္စည်းများအထိ တိုးတက်လာခြင်းကို မောနဇ္ဇင်း(မ်) (Monism) ခေါ်ကြောင်း ပြထားသည်။

၆။ ဒိုင်ယာလက်(ခ်)တစ်(ခ်)(စ်) (Dialectic) ၇

ဂရိတ်ပညာရှိကြီး ဟားရားကလစ်ထပ်(ပ်)က ဤကမ္ဘာပေါ်ရှိ အမျိုးပေါင်း မြောက်မြားစွာရှိ၍ ၎င်းတို့သည် မရပ်မနားဘဲ ပြုပြင်ပြောင်းလဲလျက်ရှိသည်ဟု ယူဆသည်။ ဤပြုပြင်ပြောင်းလဲသော သဘောတရားကို ဖီလော်ဆော်ဖီ (Philosophy) တွင် ဒိုင်ယာလက်(ခ်) တစ်(ခ်)(စ်) (Dialectic) ခေါ်ကြောင်း ပြထားသည်။

၇။ အက်တမ်ဝါဒ (Atomism) ၈

အက်တမ်ဝါဒ (Atomism)... သို့မဟုတ် အဏုမြူဝါဒကို စတင်တွေ့ရှိသူမှာ လူစစ်ပါတ်(စ်) (၅၀၀-၄၃၀ ဘီစီ) ဖြစ်၍၊ ဒီမော့ကရစ်တပ်(စ်) (၄၆၀-၃၇၀ ဘီစီ) လက်ထက်တွင်မှ ၎င်းဝါဒမှာ သိသိသာသာထင်ပေါ်လာခဲ့သည်။

သူ့အလိုအရဆိုလျှင် အစစ်အမှန်ရှိသော မူလပစ္စည်းများမှာ အဏုမြူနှင့် အာကာသတို့သာဖြစ်သည်။ အဏုမြူသည် မြူသေများမဟုတ်ဘဲ လှုပ်ရှားနေသော သတ္တိထူးကြောင့်မည်သူတစ်ဦးတစ်ယောက်ကမှ လှုံ့ဆော်ပေးခြင်းမပြုရဘဲ၊ လှုပ်ရှားပျံ့လွင့်ရင်း တစ်ခုနှင့်တစ်ခုဖွဲ့စည်းကာ ရေ၊ မြေ၊ တော၊ တောင်၊ လူသတ္တဝါတို့ ပါဝင်သော ကမ္ဘာကြီး ပေါ်လာသည်ဟု ဖော်ပြထားသည်။

၂။ နောက်ခံကား အပိုင်း ၁ ၏ အဆက်

၈။ မတီးရီးယဲ(လ်) လဇ္ဇင်း(မ်) (Materialism) ပြန့်ပွားလာပုံ ၁၁

မာ့(ခ်)စစ်(စ်)(တ်) (Marxist) များအဖို့ မတီးရီးယဲ(လ်)လဇ္ဇင်း(မ်) (Materialism) နှင့် ဘာသာမည်သို့ အပြန်အလှန်တိုက်ခဲ့ဖူးသည်ကို ပြရာတွင် လူ့လောကဖြစ်စဉ်တစ်လျှောက်လုံးတိုက်ပွဲနှင့် မကင်းကြောင်း။ လွန်ခဲ့သောနှစ်ပေါင်း ၂ သိန်း ၅ သောင်းမှစ၍ သတ္တဝါတိုင်း မသေလိုဘဲ အသက်ရှင်နိုင်သရွေ့ ရှင်လိုသော ဆန္ဒကြီးနှင့် တန်ခိုးအာဏာကြီးမားလိုသော ဆန္ဒကြီးတို့ လှုံ့ဆော်မှုကြောင့်၊ လူလူချင်း၊ သတ္တဝါ သတ္တဝါချင်း၊ ပတ်ဝန်းကျင်ရှိ သဘာဝကြီးနှင့်ပင် မရပ်မနားစစ်ခင်းခဲ့ရပုံကို ရှင်းပြထားသည်။

၉။ ဒိုင်သော်လော်ဂျီ (Mythology) ၁၃

လွန်ခဲ့သော နှစ်ပေါင်းများစွာက လူတို့သည် အသက်ရှင်နေရေးတိုက်ပွဲများတွင်ပင် အချိန်ကုန်ခဲ့ကြ၍ အခါမလပ် တွေ့နေရသော လှိုင်းတံပိုးများ၊ လေမုန်တိုင်းများ၊ မိုးကြိုးများ၊ သစ်ပင်များ၊ သားရဲတိရစ္ဆာန်များကို ကြောက်လန့်ခြင်း၊ အံ့သြခြင်းတို့ကြောင့် ပူဇော်ခဲ့ကြပုံ၊ ၎င်းတို့ကို တစ်ဆင့်ထက် တစ်ဆင့် ရှေးထုံးစံဓလေ့များကို ယုတ္တိရှိလာအောင် ဦးကာအမျိုးမျိုးချဲ့ကာ ပုံတိုပတ်စ ဝတ္ထုဇာတ်တို့ဖြစ်လာအောင် ပြုခဲ့ပုံများကို ရှင်းထားသည်။

၁၀။ ဝါဒအတွက်အသက်စွန့်သူ ၁၅

စူးစမ်းဆင်ခြင်နိုင်သော ဉာဏ်(ဝါ) အမှားနှင့် အမှန်ကို ခွဲခြားသိနိုင်သော ဉာဏ်ကို မသုံးဘဲ "ဘာသာ"ဆိုတိုင်း မယုံကြည်ရန်၊ ဘာသာသည် စူးစမ်းနိုင်သော ဉာဏ်နှင့်စစ်ဆေးမှုကို ခံနိုင်မှ ယုံရသည်...ဟု ဆိုကရေးတီးစ် (၄၆၉-၃၉၉ဘီစီ)က ယူဆခဲ့ရာ ဤယူဆချက်ကြောင့် ဘာသာကိုဖျက်သူ လူငယ်စိတ်ဓာတ်ကို ဖျက်သူ အဖြစ်ဖြင့် သေဒဏ်အပြစ်ပေးခံရသည်။

၃။ နောက်ခံကား အပိုင်း ၂ ၏ အဆက်

အလယ်ခေတ်

၁၁။ မတီးရီးယဲ(လ်)လဇ္ဇင်း(မ်) (Materialism) ၏ အရိပ်အရောင်များ ၂၀

မတီးရီးယဲ(လ်)လဇ္ဇင်း(မ်) (Materialism)၏ အရိပ်အရောင်များသည် အလယ်ခေတ် (ခရစ် သက္ကရာဇ် ၅၀၀-၁၆၀၀)အတွင်း စတင်ပေါ်ခဲ့သည်။ ခရစ်ယာန်ဘာသာ တန်ခိုးကြီးသော အချိန်ဖြစ်၍ ပေါ်ပေါ်လွင်မဖြစ်သေး။

၁၂။ ဘာသာကို အလွဲသုံးစားခြင်း ၂၀

၁၂ စင်ကျူရီ (Centuny) အဆုံးလောက်တွင် ပုပ်(ပ်)အင်နိုးဆင့်သည် ရိုမင်ကတ်သလစ် ဘာသာကို ဇန်းပြကာ ကိုယ်ကျိုးရှာခဲ့သည်။ သူ့ထံ အခွန် အဆက် အသ နည်းသဖြင့် ဘာသာမယုံသူများဟု ကြေညာကာ အယ်(လ်) ဘီဂျူးလူမျိုးများကို သတ်ဖြတ်ခဲ့ကြောင်း ပြထားသည်။

၁၃။ အင်(န်)ကွီဇီရှင်း (Inquisition) ၂၂

ဘာသာသန့်ရှင်းရေးဟုဇန်းပြကာ ၁၂၅၂-ခုနှစ်တွင် ပုပ်(ပ်)အင်နိုးဆင့်က (စတုတ္ထ)ဘာသာကိုင်းရှိုင်းသူများမဟုတ်ခဲ့လျှင် မီးရှို့သတ်ရန်နှင့် အသတ်ခံရသူ "ဒိုင္ဂ"များ၏ ပစ္စည်းကိုလည်း ဘုန်းကြီးများက သိမ်းယူပုံကို ပြထားသည်။

၁၄။ အမှောင်တွင်းမှအလင်းရောင်များ ၂၇

အလယ်ခေတ်ကို ခေတ်မှောင်ကြီးဟုခေါ်ခဲ့သည်။ ဤခေတ်မှောင်အတွင်းမှပင် လောရင်းဇိုးနစ်ကိုးလော့(စ်)၊ ကူးစင်းနပ်(စ်)၊ ကိုလမ်ဘတ်(စ်)၊ ပါရာစဲ(လ်)စပ်(စ်)၊ တယ်ထီးစီးယိုးစီ၊ အော်ဒန်နီးဘရူးနိုး၊ ကော့ပါးနီးကပ်(စ်)၊ ဗက်စေးထီးယပ်(စ်)စသော လောကဓာတ်ပညာရှိများနှင့် သဘာဝကြီးကိုလက်တွေ့စူးစမ်းရှာဖွေသူများပေါ်ခဲ့ပုံကို ပြထားသည်။

၄။ နောက်ခံကား အပိုင်း ၃ ၏ အဆက်

၁၅။ ခေတ်သစ် ၂၆

ဘာသာရေးဘက်မှ ဖိနှိပ်သည့်အကြားမှပင် ဒီမိုကရစ်တပ်(စ်) လက်ထက်မှ မာ(ခ်)(စ်) လက်ထက်အထိ နှစ်ပေါင်း ၂၀၀၀ ကျော်အတွင်း မတီးရီးယဲ(လ်)လစ်(စ်)သည် စကြဝဠာအားလုံး၏ မူလပစ္စည်းမှာအက်တမ်ခေါ်သော အဏုမြူသာဖြစ်ပုံကို ယူဆခဲ့သည်။ ဤအချိန်က ထင်ရှားဆုံးသော မတီးရီးယဲ(လ်)လစ်(စ်)(ထ်)မှာ ဓဲ(လ်)ထီးထီယိုးဖြစ်သည်။ လောကဓာတ်ပညာများအထူးတိုးတက်ခဲ့ရာ အက်တမ်ခေါ် အဏုမြူသည်ပင် မူလပစ္စည်းဖြစ်သည်ဟူသော အယူဝါဒ ပျောက်ပျက်သွားရပုံကို ရှင်းထားသည်။

၁၆၊၁၇။ စင်ကျူရီအတွင်းရှိဖီလော်ဆော်ဖီ ၃၂

ဒက်(စ်)ကားတီး(စ်)၏ "ငါ စဉ်းစားသည်။ ထိုကြောင့် ငါသည် အမှန်ရှိရမည်"... အယူဝါဒ၊

ဟော(ဘ်)(စ်)၏၊ 'တစ်လောကလုံးတွင် အက်တမ်ခေါ် မူလပစ္စည်းလှုပ်ရှားခြင်းတို့သာလျှင် အစစ်အမှန်ဖြစ်ကြသည်" ဟူသော အယူဝါဒ၊

စပိုင်နိုးဇာ၏ "ဉါရဝါးပါးနှင့် စမ်းသပ်စစ်ဆေးနိုင်သည့် မတီးရီးယဲ(လ်) ခေါ်ပစ္စည်းများသာမက မစမ်းသပ် မစစ်ဆေးနိုင်သည့် စိတ်ဓာတ်များကိုလည်း ရှာတွေ့နိုင်သည်"ဆိုသော အယူဝါဒ၊

လိ(တ်)နိ(ဇ်)၏ "လောကကြီးတစ်ခုလုံးစိတ်သာလျှင် အစစ်အမှန်ရှိသည် အခြားစမ်းသပ်ထိတွေ့ရသမျှမှာ စိတ်လှည့်စားခြင်းမျှသာဖြစ်သည်" ဆိုသောအယူဝါဒ၊

လော့ (ခ်)၏ "ငါဆိုတာ ရှိပါကလား" ဟူသော ကိုယ်ဉာဏ်နှင့် မီသလောက်သာ စဉ်းစားသင့်သည်ဆိုသော အယူဝါဒ ၅ မျိုးကိုပြထားသည်။

၁၈။ ၁၈၊ စင်ကျူရီအတွင်းရှိ ပညာရှိများ ၃၇

မတီးရီးယဲ(လ်) လဇ္ဇင်း(မ်)ကို တိုက်ဖျက်ရန် ဘာ့(ခ်)ကလေး၏ ဖီလော်ဆော်ဖီ ပေါ်လာသည်။ ၎င်းမှာ "စိတ်သို့မဟုတ် ဝိညာဉ်"တို့သာလျှင် အစစ်အမှန်ဖြစ်သည်ဟု ဆိုသည်။

ဟျွမ်းက မည်သည့်အရာမှ မှန်သည်ဟု မပြောနိုင် အစစ်အမှန်ဆို၍ဘာမျှ ရှာမတွေ့ဟု ယူဆသည်။ စိတ်ကူးစဉ်နှင့် ကမ္ဘာကြီးဆက်စပ်ပုံကိုလည်း မပြနိုင်။

ကင့်(ထ်)စိတ်ကူးစဉ်နှင့်ကမ္ဘာကြီးကို ဆွဲစပ်သော ဝါဒကို တည်ထောင်ပြန်သည်။ လောကဓာတ်ပညာကို အခြားပညာရှိများ လွယ်လွယ်နှင့် ပစ်ပယ်သလိုသူက မပစ်ပယ်၊ လောကဓာတ်ပညာကို သူက ထရန့်ဖန်ဒန်းတဲ(လ်)ဟူသော နာမဝိသေသန တပ်လိုက်သည်။

၁၉။ မတီးရီးယဲ(လ်)လဇ္ဇင်း ၄၀

အင်္ဂလန်မှာ

တိုးလင်း(ဒ်)သည် မတီးရီးယဲ(လ်)လဇ္ဇင်း(မ်)ကို ထောက်ခံသည်၊ ပရီစလေးသည် မတီးရီးယဲ(လ်) လဇ္ဇင်း(မ်)ကို ထောက်ခံရာတွင် ခရစ် ယန်သမ္မာကျမ်းကြီးမှ အချက်များကိုပင် ကိုးကားပြသည်။

ပြင်သစ်မှာ ၄၁

ဒက်(စ်) ကာတီး(စ်)သည် မရည်ရွယ်ဘဲ မတီးရီး(ယဲ)လဇ္ဇင်း(မ်)ကို ထောက်ခံသည်။ သူ့အယူအဆအရ၊ တိရစ္ဆာန်များသည် စိတ်တန်ခိုးကြောင့် မဟုတ်ဘဲ၊ အလိုအလျောက် လှုပ်ရှားသွားလာနိုင်သော သတ္တဝါများဖြစ်သည်ဟု ယူဆသည်။

သာမက်ထရီးက လူသည် တိရစ္ဆာန်နှင့် သိပ်ပြီးမထူးလှ၊ အဆင့်အတန်းကွာခြားမှုသာ ဖြစ်သည်ဟုဆိုသည်။

၂၀။ ၁၉-စင်ကျူရီ ၄၂

ဤစင်ကျူရီတွင် ထင်ရှားသော အိုင်ဒီးလစ်(စ်)(ထ်)ပေါ်ခဲ့ရာ သူတို့ကား ဟီဂဲ(လ်)ဖစ်(ချ်)နှင့် ရှဲလင်း(ဂ်)တို့ ဖြစ်ကြသည်။

နောက်ခံကား အပိုင်း ၄ ၏ အဆက်

၂၁။ ၁၉-စင်ကျူရီအတွင်းတိုးတက်လာသော လောကဓာတ်ပညာ ၄၈

ရှွမ်း(န်)ဆိုသူက-သစ်ပင်နှင့် သတ္တဝါနှစ်ခုစလုံးသည် ဆဲ(လ်)မှ တိုးတက်လာသည်ဟု ယူဆသည်။ အီဗော်လူးရှင်း (Evolution) ပညာကို ဒါဝင်၏ လက်ထက်တွင် ထင်ရှားစွာ ပေါ်လာသည်။

ဘေးယားက အင်(မ်)ဘရိုင်းအိုလိုဂျီ (Enbryology) ပညာကို တည်ထောင်ခဲ့သည်။

၂၂။ ကား(လ်)မာ(ခ်)စ် ၅၃

ကား(လ်)မာ(ခ်)(စ်)သည် ပစ္စည်းဉစ္စာကြွယ်ဝသော ဂျူးလူမျိုး ရှေ့နေကြီးတစ်ဦး၏ သားဖြစ်၍၊ ဂျာမနီနိုင်ငံ ရိုင်းလင်းနယ် ထရိုင်းယားအရပ်တွင် ၁၈၁၈-ခုနှစ်တွင် မွေးဖွားသည်။ မိဘများက သူ့အား ရှေ့နေဖြစ်စေလိုကြသည်။ သူကား... ကျောင်းနေစဉ်ကပင် နိုင်ငံရေးနှင့် စီးပွားရေးတွင် စိတ်ဝင်စားသည်။ အထူးသဖြင့် လူတန်းစား ကွဲပြားစွာပေါ်ပေါက်ခြင်းဖြင့် အရင်းရှင်များဖြစ်ပေါ်ပုံကို သူသည် စူးစမ်းရှာဖွေလေ့လာခဲ့သည်။

အလုပ်သမားနှင့် အရင်းရှင်ပဋိပက္ခဖြစ်မည်ကို တင်ကြိုမြင်သဖြင့် "အလုပ်သမားများစည်းလုံးကြလော့"ဟု ကြွေးကြော်ခဲ့သည်။

ဂျာမနီမှ ပဲရစ်မြို့တော်ပြောင်းနေသည်။ ၎င်းမှ ပြည်နှင်ဒဏ်သင့်၍ ဘယ်(လ်)ဂျီယံ(မ်)သို့ သွားနေရာ ဤတွင်ပင် အိမ်ထောင်ကျသည်။

၁၈၄၈ ခုနှစ်တွင် ဂျာမနီတော်လှန်မှု ခေါင်းဆောင်ရန် သွားသည်။ အစိုးရ သိသဖြင့် အင်္ဂလန်သို့ ပြန်ပြေးခဲ့ရသည်။ အသက် ၆၅ နှစ်တွင်ကွယ်လွန်သည်။

၂၃။ မာ(ခ်)ဆဇ္ဇင်း(မ်) ၅၆

မတီးရီးယဲ(လ်)လဇ္ဇင်း(မ်)ကို သဘာဝတရားကြီးနှင့် ကိုက်ညီသည့် အခြေမှန်သို့ ရောက်အောင် အများဆုံးပို့ပေးကြသူများမှာ မာ(ခ်)(စ်)နှင့် အိန်းဂျဲ(လ်)တို့ဖြစ်ကြသည်။ ထို့ကြောင့် သူ့ဝါဒကို မာ(ခ်)ဆဇ္ဇင်း(မ်)ဟု ခေါ်ခြင်းဖြစ်သည်။

မာ(ခ်)ဆဇ္ဇင်း(မ်)တွင် ဖီလော်ဆော်ဖီခန်း၊ စီးပွားရေးခန်းနှင့် သမိုင်းခန်းဟူ၍ အခန်း ၃ ခုရှိသည်။

၂၄။ မာ(ခ်)ဆဇ္ဇင်း(မ်)အဆက် ၆၄

ဒိုင်ယာလ(ခ်)တစ်(ခ်)ကဲ(လ်)မတီးရီးယဲ(လ်)လဇ္ဇင်း(မ်)

Dialectical Materialism

ဖီလော်ဆော်ဖီ

ဒိုင်ယာလက်(ခ်) တစ်(ခ်)(စ်)ကို စတင်တွေ့ရှိသူမှာ ဟီရာကလစ်တပ်(စ်)ဖြစ်သည်။ သူ့ဝါဒအရတစ်လောကလုံးသည် ရပ်နားခြင်းမရှိဘဲ ပြုပြင် ပြောင်းလဲတိုးတက်လျက်ရှိသည်ကို ပြထားသည်။

၎င်းကိုပင် ဟီးဝဲ(လ်)က တစ်လောကလုံးတိုးတက်ပြောင်းလဲနေခြင်းသည် "စိတ်ကူးစဉ်"အရ အစီအစဉ်အတိုင်း တိုးတက်ပြောင်းလဲသည်ဟု ဆိုသည်။

ကား(လ်)မာ(ခ်)သည် ဟီးဂဲ(လ်)၏ အိုင်းဒီးလဇ္ဇင်း(မ်)ကို ပယ်၍ သူ၏ ဒိုင်ယာလက်(စ်)တစ်(ခ်)(စ်)ကို လက်ခံခဲ့သည်။

မာ(ခ်)(စ်)နှင့် အိန်းဂျဲ(လ်)တို့က ဒိုင်ယာလက်(ခ်)တစ်(ခ်)ကို ဟီးဂဲ(လ်)ထံမှ ယူခဲ့၍ မတီးရီးယဲ(လ်)လဇ္ဇင်း(မ်)ကိုကား ဖူးဝါးဘက်(ခ်)ထံမှ အကူအညီယူခဲ့သည်။

၂၅။ မာ(ခ်)ဆဇ္ဇင်း(မ်)အဆက် ၇၇

ဟစ်စတော်ရီးကဲ(လ်) မတီးရီးယဲ(လ်)လဇ္ဇင်း(မ်) Histonical Materialism

သမိုင်း

ဟီးဂဲ(လ်) ယုံကြည်သကဲ့သို့ပင်၊ ကမ္ဘာကြီးသည် ရပ်နားနေခြင်းမရှိဘဲ တိုးတက်ခဲ့သည်ကို မာ(ခ်)(စ်)ကလည်း ယုံကြည်သည်။ သို့ရာတွင် ဤသို့ကမ္ဘာကြီး၏ ဖြစ်စဉ် တိုးတက်ခြင်းမှာ "အိုင်ဒီယာ"၏ ဒိုင်ယာလက်(ခ်)တစ်(ခ်)(စ်)နည်းအရ၊ တိုးတက်သည်ဟု ဟီးဂဲ(လ်)၏ အယူအဆကို တွန်းလှန်ကာ မာ(ခ်)(စ်)က တိုးတက်ခြင်းမှာ၊ "အိုင်ဒီယာ"ကြောင့်မဟုတ် လူတို့၏ ကုန်လုပ်ကိရိယာကြောင့်ဟု ယူသည်။ မာ(ခ်)(စ်)က လူ၏ ကုန်လုပ်ကိရိယာများသည် ဒိုင်ယာလက်(ခ်)တစ်(ခ်) နည်းအရ တိုးတက်နေကြသည်။ ကုန်လုပ်ကိရိယာများ တိုးတက်သည် အတိုင်း ၎င်းတို့အပေါ်တွင် အမှီပြုထူထောင်ထားသော လူ့အိမ်ထောင်ကြီး တိုးတက်လာသည်နှင့်အမျှ လူ့အိမ်ထောင်ပေါ်တွင် အမှီပြုနေသော အုပ်ချုပ်ရေး လူ့စိတ်ဓာတ် လူ့အယူအဆတို့လည်း တိုးတက်လာသည်ဟု ဆိုသည်။

၂၆။ လူ့အိမ်ထောင်ကြီး ၄ မျိုး ၈၁

(၁) ကလင်း၊ (Clan)
(၂) အေရှတစ်(ခ်)သို့မဟုတ် ကလပ်စီကဲ(လ်) (Asiatic or Classical)
(၃) ဖြူးဒဲ(လ်) Feudal နှင့်
(၄) ကက်ပီတယ်လစ်(စ်)(ထ်) Capitalist ၄ မျိုး ခွဲပြထားသည်။

၂၇။ မာ(ခ်)ဆဇ္ဇင်း(မ်)အဆက် ၉၀

အီကောနော့မစ်(ခ်)(စ်) (Economic)

လူတို့၏ဝမ်းရေး၊ နေရေး၊ ဝတ်ရေးတို့အတွက် လူတို့သည် အဘယ်ပုံအဘယ်နည်း ဆောင်ရွက်သည်ပြထားသည်။

၂၈။ ကုန်ဖြစ်အောင်လုပ်ခြင်း ၉၃

ကုန်ပစ္စည်းတစ်ရပ်ဖြစ်အောင် လုပ်သူများ မည်သူများပါဝင်ကြရသည်ကို ရှင်းပြသည်။

၂၉။ ဝေပုံချခြင်း ၉၃

(၁) မြေကြီး၊ (၂) အလုပ်၊ (၃) ငွေရင်း၊ (၄) စီမံအုပ်ချုပ်မှုတို့ ဝေပုံချပုံရှင်းထားသည်။

၃၀။ မြေကြီး ၉၄

၃၁။ အလုပ် ၉၅

၃၂။ အရင်း ၉၅

၃၃။ စီမံအုပ်ချုပ်မှု ၉၅

အလုပ်တစ်ခုထမြောက်အောင်လုပ်သူမှာ စီမံအုပ်ချုပ်သူဖြစ်ကြောင်း ပြထားသည်။

၃၄။ သမိုင်း ၉၆

မာကင်တီလဇ္ဇင်း(မ်) (Mercantilism) ဖီစီယိုကရေစီ (Physiocracy) တို့ ဖြစ်ပေါ်လာပုံကို ရှင်းထားသည်။

၃၅။ ဘယ်လိုညစ်သလဲ ၉၈

တစ်ကျပ်တန်သော ပစ္စည်းကို သုံးမတ်သာပေးခြင်းဖြင့် တန်ဖိုးတစ်မတ်မြတ်သည်။ ဤလိုအမြတ်မျိုးစုပေါင်းခြင်းကို ဆာပလပ်(စ်)ဗဲလျူး (Surplus Value) ခေါ်သည်။ ၎င်းနည်းဖြင့် အလုပ်သမားထံမှ အမြတ် ညှစ်ယူပုံပြထားသည်။

၃၆။ ဆိုရှယ်လဇ္ဇင်း(မ်) Socialism ၏ သမိုင်း ၁၀၀

ဆိုရှယ်လဇ္ဇင်း(မ်)ကို စတင်ဖန်တီးသူများနှင့် ဆိုရှယ်လဇ္ဇင်း(မ်)သို့ ညွှန်းခဲ့သော ကျမ်းများကို ဖော်ပြထားသည်။

၃၇။ မြန်မာတွေဘာလုပ်ရမလဲ ၁၁၁

- ၁။ ပန်းတိုင်ဟူသည်ကား အဘယ်နည်း။ ၁၁၄
- ၂။ ကလင်းလူ့အိမ်ထောင်။ ၁၁၅
- ၃။ အေရှတစ်(ခ်)လူ့အိမ်ထောင်။ ၁၁၅
- ၄။ ဖြူးဒဲ(လ်)လူ့အိမ်ထောင်။ ၁၁၅
- ၅။ ကက်ပီတယ်(လ်)လစ်(စ်)(ထ်)လူ့အိမ်ထောင်။ ၁၁၇
- ၆။ ကွန်မြူနစ်(စ်)(ထ်) လူ့လောက။ ၁၁၈
- ၇။ ဆရာတော်ကြီးတစ်ပါးနှင့်ဆွေးနွေးခန်း။ ၁၂၀
- ၈။ လက်ဝဲဂိုဏ်းသားအချို့ မလိမ္မာမှု ၁၄၂
- ၉။ ဗုဒ္ဓဘာသာနှင့်မာ(ခ်)ဆဇ္ဇင်း(မ်) ၁၄၃
- ၁၀။ ကယောင်ကတမ်းမဖြစ်ကြနှင့် ၁၄၅
- ၁၁။ ဘဝင်မြင့်မှုများ ၁၄၆
- ၁၂။ လက်ဝဲဂိုဏ်းသားများ သတိထားရန် အချက်များ ၁၄၈
- ၁၃။ အဓိကအချက်ကြီး ၄ ချက် ၁၄၉
- ၁၄။ လက်ဝဲဂိုဏ်းညီညွတ်ရေး ၁၅၃

၃၈။ နောက်ဆက်တွဲ ၁၅၅

လောကဓာတ်ပညာခန်း

၃၉။ မတီးရီးယဲ(လ်)လဇ္ဇင်း(မ်)ကို လောကဓာတ်ပညာက ထောက်ခံသေးသလား ၁၇၀

စာအုပ်ပါ အသုံးအနှုန်းအသံထွက်များမှာ ယနေ့ခေတ်အသုံးများနှင့် အနည်းငယ် ကွဲလွဲချက်ရှိနိုင်သဖြင့် မူရင်း အင်္ဂလိပ်စာလုံးပေါင်းများ ဖြည့်စွက်ပူးတွဲ ဖော်ပြထားပါသည်။